Center for Diversity and National Harmony

Daily News Letter

No.(12), Shwe Li Street,
Kamayut Township,
Yangon11041, Myanmar

အတွဲ (၁)၊ အမှတ် (၂၆၁) နေ့စွဲ။ ၂၃.၁၀.၂၀၁၅ (သောကြာနေ့)

| စဉ် | နေ့စွဲ | သတင်းဌာန | အကြောင်းအရာ | အကျဉ်းချုပ် |
|---|---|---|---|---|
| ၁ | ၂၃.၁၀.၁၅ | The Voice Daily Vol (3) No (170) p (1,28) | ဦးသိန်းစိန် | **သမ္မတဦးသိန်းစိန်နှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေဘိုတွင် အောင်မြေနင်း**<br>ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်ခဲ့သည့် အလောင်းမင်းတရား နန်းစိုက်ရာ ရွှေဘိုမြို့သို့ သမ္မတဦးသိန်းစိန်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့သည် အောက်တိုဘာ ၂၂ ရက်နေ့ မွန်းလွဲ ၃ နာရီခွဲခန့်က ရွှေဘိုမြို့သို့ ရောက်ရှိလာခဲ့ပြီး မဟာနန္ဒာကန်တော်နှင့် အောင်မြေကျောင်းတိုက်သို့ သွားရောက်ကာ အောင်မြေနင်းခဲ့ကြောင်း ရွှေဘိုမြို့တွင် တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာဝန်ထမ်းများထံမှ သိရသည်။ ကောလင်း-ထီးချိုင့်မှ အပြန်တွင် ရွှေဘိုမြို့ရှိ မဟာနန္ဒာအောင်မြေကျောင်းတိုက်ရှိ အလောင်းမင်းတရား အောင်မြေသို့ရောက်ရှိပြီး အောင်မြေနင်းခဲ့ခြင်းဖြစ်သည်။ သမ္မတကြီးနှင့် တပ်ချုပ်တို့ကို ရွှေဘိုမြို့နယ်နှင့် ဝက်လက်မြို့နယ်တို့မှ ပြည်ခိုင်ဖြိုးပါတီဝင်များအပါအဝင် ရွှေဘိုမြို့နယ်မှ ဌာနဆိုင်ရာ ဝန်ထမ်းစုစုပေါင်း အင်အား ၁၀၀၀ ခန့်က ကြိုဆိုခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစီးဌာနထံမှ သိရသည်။<br>ရွှေဘို |
| ၂ | ၂၃.၁၀.၁၅ | Daily Eleven Pg (2, 3) | ဒေါ်အောင်ဆန်းစုကြည် | **နိုင်ငံသားများမဲပေးပိုင်ခွင့်ရှိသော်လည်း မဲစာရင်းတွင်မပါဝင်၍ မဲမပေးနိုင်သည့်ပြည်သူများစွာရှိနေခြင်းသည် ပြည်သူ့အခွင့်အရေးများ ဆုံးရှုံးနေခြင်းသာဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြော**<br>၂၀၁၅ ရွေးကောက်ပွဲ၌ မဲပေးခွင့်ရှိသော်လည်း မဲစာရင်းတွင် အမည်မပါဝင်၍ မဲမပေးနိုင်သည့် ပြည်သူများစွာရှိနေပြီး ပြည်သူ၏ အခွင့်အရေးများဆုံးရှုံးနေခြင်းသာဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က အောက်တိုဘာ ၂၂ ရက်နေ့က ရှမ်းပြည်နယ် မိုင်းဖြတ်မြို့၌ပြုလုပ်သည့် ရွေးကောက်ပွဲအောင်နိုင်ရေး လူထုဟောပြောပွဲတွင် ပြောကြားခဲ့သည်။ တရားဥပဒေနှင့် ကိုက်ညီသည့်စနစ်၊ ပြည်သူ့ဆန္ဒနှင့် ကိုက်ညီသည့်စနစ်၊ ပြည်သူ့အကျိုးစီးပွားနှင့် ကိုက်ညီသည့်စနစ်ကို ထူထောင်ကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ ထူထောင်ရန်အတွက် လာမည့်ရွေးကောက်ပွဲသည် အခွင့်အရေး |

| | | | | |
|---|---|---|---|---|
| | | | | တစ်ခုဖြစ်ပြီး ယင်းအခွင့်အရေးကို လက်လွှတ်ပါက နိုင်ငံ၏အနာဂတ်မည်သို့ဖြစ်သွားမည်ကို မှန်းဆမရကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။ မှောင်ခိုလုပ်နေကြသည့် ပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ သယံဇာတပြဿနာ စသည့်ပြဿနာများသည် တစ်နိုင်ငံလုံးတွင်ရှိပြီး ပြည်သူများအနေဖြင့် လက်တွဲရင်ဆိုင်ဖြေရှင်းပါမှ ကျော်လွှားနိုင်မည်ဖြစ်ကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။<br>မျိုးမင်းထက်၊ ငြိမ်းကို |
| ၃ | ၂၃.၁၀.၁၅ | 7 Day Daily No (895) p (1,2) | ဒေါ်အောင်ဆန်းစုကြည် | **ဒေါ်အောင်ဆန်းစုကြည် မဲဆွယ်ဟောပြောပွဲအတွက် အားကစားကွင်း အသုံးပြုခွင့်ပေးသည့် အားကာမှူး စုံစမ်းစစ်ဆေးခံရ**<br>NLD အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ မဲဆွယ်စည်းရုံးဟောပြောပွဲအတွက် မြို့နယ်အားကစားကွင်းကို အသုံးပြုခွင့်ပေးခဲ့သည့် ခွတ္တီးမြို့နယ် အားကစားကွင်းနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူးကို စစ်ကိုင်းတိုင်းဒေသကြီး တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေကြောင်းသိရသည်။ ခွတ္တီးမြို့နယ် အားကစားကွင်းတွင် ဂိတ်ပေါက်နှစ်ခုရှိပြီး ဂိတ်ပေါက်တစ်ခုမှာ ကားအဝင်အထွက် ပြုလုပ်၍မရဘဲ အခြားဂိတ်ပေါက်တစ်ခုမှာလည်း အားကစားကွင်းအလယ်မှ ဖြတ်သန်းသွားလာရမည်ဖြစ်၍ ဟောပြောပွဲစင်မြင့်နှင့် နီးစပ်သည့်နေရာတွင် ခြံစည်းရိုးကို ဖယ်ရှားကာ အဝင်အထွက် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ခွတ္တီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ သိရသည်။ အားကစားကွင်း အသုံးပြုခွင့်ပေးခြင်းသည် ရွေးကောက်ပွဲကော်မရှင် အပါအဝင် အခြားဌာနများနှင့် ဆက်စပ်လုပ်ကိုင်ရသည့် လုပ်ငန်းဖြစ်ပြီး မြို့နယ်ဦးစီးမှူးတစ်ဦးအနေဖြင့် တာဝန်ရှိသည့်အတိုင်း လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ခွတ္တီးမြို့နယ် အားကာမှူးကပြောသည်။ ဒေါ်အောင်ဆန်းစုကြည် ခွတ္တီးမြို့ခရီးစဉ်အတွင်း မဲဆွယ်ဟောပြောပွဲ ကျင်းပရန် နေရာ အခက်အခဲရှိခဲ့ပြီး ဟောပြောပွဲ မကျင်းပမီ တစ်ရက်အလိုတွင် ခွတ္တီးမြို့မအားကစားကွင်းကို အသုံးပြုခွင့်ပေးခဲ့သည်။<br>မောင်တော |
| ၄ | ၂၃.၁၀.၁၅ | The Voice Daily Vol (3) No (170) p (1,28) | ဒေါ်အောင်ဆန်းစုကြည် | **ဒေါ်အောင်ဆန်းစုကြည်ကို ပုတ်ခတ်ရေးသားသည့်ဗီနိုင်းများကို ပါတီတစ်ခုက ဖြန့်ဝေခြင်းဟု မဘသ ဦးဆောင်ဆရာတော် တစ်ပါး မိန့်ကြား**<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို ပုဂ္ဂိုလ်ရေးအပုပ်ချဗီနိုင်းများကို အခြားနိုင်ငံရေးပါတီဝင်အချို့က မန္တလေးမြို့တော်တွင် လိုက်လံဖြန့်ဝေလျက်ရှိကြောင်း အထက်မြန်မာပြည် မဘသ ဦးဆောင်ဆရာတော်တစ်ပါးက မိန့်ကြားသည်။ ယင်းသို့ ဒေါ်အောင်ဆန်းစုကြည်ကို ပုဂ္ဂိုလ်ရေးထိခိုက်သည့် စာသားနှင့် ဓာတ်ပုံများ ချိတ်ဆွဲခြင်းသည် အောက်တန်းကျ |

| | | | | |
|---|---|---|---|---|
| | | | | သော လုပ်ရပ်ဖြစ်ပြီး အထက်မြန်မာပြည် မဘသ အနေဖြင့် ယင်းလုပ်ရပ်ကို ဆန့်ကျင်ကြောင်း မဘသ သံဃာတော်များမှ ပြောသည်။ မန္တလေးမြို့တော် ကျုံးပတ်လည်သံဆန်ခါများနှင့် ပြည်ကြီးတံခွန်မြို့နယ်ရပ်ကွက်များ၊ ချမ်းအေးသာစံမြို့နယ် မဟာမြိုင်ကျောင်းတိုက်ဝန်းကျင်အနီးတွင် ယင်းဗီနိုင်းများကို မြို့ခံတို့က တွေ့ရှိခဲ့ခြင်းဖြစ်ပြီး မဟာမြိုင် ကျောင်းတိုက်အနီး ချိတ်ဆွဲထားသည့် ဗီနိုင်းခြေရင်းတွင် သံဃာတော် စီးဖိနပ်တစ်ရန် တွေ့ရှိခဲ့ကြောင်း မြို့ခံများနှင့် နိုင်ငံရေးပါတီဝင်အချို့ကပြောသည်။<br>မန္တလေး |
| ၅ | ၂၃.၁၀.၁၅ | 7 Day Daily No (895) p (2) | ဒေါ်အောင်ဆန်းစုကြည် | **ပြည်သူ့ကိုယ်စားလှယ်များမှတစ်ဆင့် တိုင်းပြည်အရေးကြီးကိစ္စများကို မဆောင်ရွက်နိုင်သေးသမျှ အတုအယောင် ဒီမိုကရေစီသာဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြော**<br>ပြည်သူ့ကိုယ်စားလှယ်များမှတစ်ဆင့် တိုင်းပြည် အရေးကြီးကိစ္စရပ်များကို မဆောင်ရွက်နိုင်သေးသမျှ အတုအယောင် ဒီမိုကရေစီသာဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က အောက်တိုဘာ ၂၂ ရက် မွန်းလွဲတွင် ရှမ်းပြည်နယ်အရှေ့ပိုင်း ရှိ ကျိုင်းတုံမြို့ လူထုနှင့် တွေ့ဆုံချိန်တွင် ပြောသည်။ မွန်းလွဲပိုင်းတွင် ပြုလုပ်သော ဒေါ်အောင်ဆန်းစုကြည်၏ ဟောပြောပွဲသို့ ပြည်သူ တစ်သောင်းခန့် လာရောက်အားပေး ထောက်ခံခဲ့ကြသည်။<br>နန္ဒ |
| ၆ | ၂၃.၁၀.၁၅ | 7 Day Daily No (895) p (9) | Election | **အပြီးသတ်မဲစာရင်း နိုဝင်ဘာ ၁ ရက်မှစ၍ ထုတ်ပြန်ကြေညာမည်**<br>အပြီးသတ်မဲစာရင်းကို နိုဝင်ဘာ ၁ ရက်မှစတင်ကာ ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး မဲဆန္ဒရှင် သက်သေခံလက်မှတ်များကို တစ်ပါတည်း ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ နိုဝင်ဘာ ၁ ရက်မှစတင်ကာ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲရုံးများတွင် အပြီးသတ်မဲစာရင်းများ ကပ်ထားမည်ဖြစ်ပြီး ယင်းမဲစာရင်းသည် ပြင်ဆင်ဖြည့်စွက်ခွင့်မရှိတော့ကြောင်း ဦးဝင်းကြည်က ပြောသည်။ မဲဆန္ဒရှင် သက်သေခံလက်မှတ်တွင် မဲဆန္ဒရှင်နှင့် ပတ်သက်သည့် အမည်၊ မှတ်ပုံတင်အမှတ် စသည့် အချက်အလက်များ၊ မဲစာရင်းအမှတ်၊ မဲရုံအမှတ်များ စသည့် အချက်ရစ်ချက်ကို ထည့်သွင်းဖော်ပြထားမည်ဖြစ်ပြီး ယင်းအချက်အလက်မားကို သက်ဆိုင်ရာ ရပ်ကွက်နှင့်ကျေးရွာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက ပြုစုမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။<br>မင်းဟိန်းကျော် |

| | | | | |
|---|---|---|---|---|
| ၇ | ၂၃.၁၀.၁၅ | Daily Eleven Pg (3) | Election | **ရှမ်းပြည်နယ်တွင် တိုက်ပွဲများဖြစ်ပွားနေသည့် ကျေးသီးနှင့် မိုင်းရှူး မြို့နယ်နှစ်ခုတွင် ရွေးကောက်ပွဲဆိုင်းငံ့ရန် ခရိုင်ကော်မရှင်၏ တင်ပြမှု SNLD ပါတီ ကန့်ကွက်**<br>ရှမ်းပြည်နယ်အတွင်း တိုက်ပွဲများ ဖြစ်ပွားနေသည့် ကျေးသီးနှင့် မိုင်းရှူးမြို့နယ်နှစ်ခုတွင် ရွေးကောက်ပွဲဆိုင်းငံ့ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြထားသည် လွိုင်လင်ခရိုင် ရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲအရာရှိ ဦးသိန်းနိုင်က အောက်တိုဘာ ၂၂ ရက်တွင် ပြောသည်။ SNDP ကျားဖြူ ပါတီကလည်း ယင်းဒေသများတွင် ရွေးကောက်ပွဲရွှေ့ဆိုင်းရန် ကော်မရှင်သို့ စာပေးပို့တင်ပြထားသည်ဟုသိရပြီး တိုက်ပွဲများကြောင့် ဆန္ဒမဲပေးခွင့်အား အဆင်ပြေစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ဒေသခံများက မယုံကြည်ကြောင်း၊ ကျေးသီး၊ မိုင်းရှူး၊ တန့်ယန်း သုံးမြို့နယ်တွင် ယာယီရပ်ဆိုင်းခြင်း၊ ဆိုင်းငံ့ခြင်းပြုလုပ်ပေးပြီး အခြေအနေတည်ငြိမ်မှသာလျှင် သင့်လျော်သည့် အချိန်ကာလ၌ ကြားဖြတ်ရွေးကောက်ပွဲအဖြစ်ကျင်းပသင့်ကြောင်း ဒေသခံများက SNDP သို့ ဆန္ဒပြုတင်ပြလာမှုအား ကော်မရှင်မှ သင့်လျော်သလိုဆောင်ရွက်ပေးနိုင်ရန် ထပ်ဆင့်တင်ပြသည်ဟု ဖော်ပြထားသည်။ ယင်းသို့ ရွေးကောက်ပွဲရွှေ့ဆိုင်းရန် စီစဉ်နေခြင်းအား လက်မခံဘဲ ကန့်ကွက်ကြောင်း၊ ကျေးသီးနှင့် မိုင်းရှူးမှာ SNLD ရာနှုန်းပြည့်အနိုင်ရမည်မှာ သေချာသောကြောင့် ပြိုင်ဘက်ပါတီများက ကော်မရှင်သို့ သွေးထိုးခြင်းသာဖြစ်ကြောင်း၊ အကယ်၍ ရွှေ့ဆိုင်းခဲ့ပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သမိုင်းတွင် အမည်းစက်ထင်ကျန်ခဲ့မည်ဖြစ်ကြောင်း SNLD ပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းလိတ်က ပြောကြားသည်။<br>ကျော်ဇင်ဝင်း |
| ၈ | ၂၃.၁၀.၁၅ | 7 Day Daily No (895) p (9) | Election | **ဒီချုပ်ကိုယ်စားလှယ်လောင်းများ ကိုကိုးကျွန်းတွင် စတင်မဲဆွယ်**<br>တပ်မတော်သား မိသားစုနှင့် ဝန်ထမ်းမိသားစုများ နေထိုင်သော ကိုကိုးကျွန်းမြို့နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မဲဆွယ်စည်းရုံးမှုကို သတ်မှတ်ကာလမကုန်ဆုံးမီ ၁၅ ရက်အလိုတွင် စတင်လိုက်ပြီဖြစ်သည်။ အောက်တိုဘာ ၂၂ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကိုကိုးကျွန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ယင်းမဲဆန္ဒနယ်ရှိ ပြည်သူများထံသို့ စတင်မဲဆွယ်စည်းရုံးခဲ့သည်။ နိုင်ငံပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ရာတွင် အစိုးရဖွဲ့နိုင်ရေး အရေးကြီးကာ အပြတ်အသတ်အနိုင်ရရှိရန်လည်း လိုအပ်သဖြင့် ပြည်သူများ၏ မဲတစ်မဲသည်လည်း အရေးကြီး၍ ပြည်သူများအနေဖြင့် တက်တက်ကြွကြွ ပါဝင်ရန် ဒေါ်အောင်ဆန်းစုကြည်က ဗီဒီယိုဖိုင်တွင် ကိုကိုးကျွန်းမြို့နယ်ပြည်သူများအား ဆော်သြထားသည်။ ကိုကိုးကျွန်းမြို့နယ်တွင် |

| | | | | |
|---|---|---|---|---|
| | | | | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ အပြိုင်အဆိုင်ယှဉ်ပြိုင်ရမည့် အနေအထားဖြစ်ကာ ကိုကိုးကျွန်းမြို့နယ်တွင် မဲပေးနိုင်မည့် မဲဆန္ဒရှင်သည် ၁၅၇၁ ဦး ရှိသည်။<br>ရန်မျိုးနိုင် |
| ၉ | ၂၃.၁၀.၁၅ | Daily Eleven<br>Pg (4) | ဦးအောင်မင်း | **ရှားတောမြို့နယ်ရှိ KNPP နှင့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့၏ ဆက်ဆံရေးအပေါ် စိုးရိမ်ကြောင်း ဆန္ဒမဲထည့်ရာတွင် ဒေသခံများအား တိုက်တွန်းမည်ကို စိုးရိမ်ကြောင်း နိုင်ငံရေးပါတီများ ပြော**<br>ကယားပြည်နယ် ရှားတောမြို့နယ်ရှိ ကရင်နီတိုးတက်ရေးပါတီ KNPP နှင့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့၏ ဆက်ဆံရေးအပေါ် စိုးရိမ်ကြောင်းနှင့် ဆန္ဒမဲထည့်ရာတွင်လည်း ဒေသခံများအား တိုက်တွန်းမှုပြုလုပ်မည်ကို စိုးရိမ်ကြောင်း နိုင်ငံရေးပါတီများက ပြောကြားသည်။ ဦးအောင်မင်း၏ မဲဆွယ်စည်းရုံးရေး ခရီးစဉ်များ၌ KNPP မှ စကားပြန်ပေးမှုများရှိကြောင်း၊ ယင်းသို့ စကားပြန်ပေးရာတွင် ဦးအောင်မင်းအား မဲထည့်ရန်အတွက် စကားပြန်ဆိုပေးသည်ကို ဒေသခံအများစုမှာ KNPP မှ ဦးအောင်မင်းအား မဲထည့်ကြရန်တိုက်တွန်းသည်ဟု ဒေသခံများက မြင်ကြကြောင်း သရီးဒါး၊ ဒေါဝယ်ရေရွာသားများက ဆိုသည်။ KNPP ရုံးမှ တာဝန်ခံ ခူးဒေးရယ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဦးအောင်မင်းနှင့် ဆက်ဆံမှုရှိသော်လည်း ယခုရွေးကောက်ပွဲတွင်မူ KNPP အနေဖြင့် ဝင်ရောက်စွက်ခြင်းမရှိကြောင်း၊ ရွေးကောက်ပွဲ လုံခြုံရေးထိ ခိုက်အောင်လည်း လုပ်ဆောင်ခြင်းမရှိကြောင်းနှင့် ဦးအောင်မင်း၏ အကူအညီတောင်းဆိုမှုအား ကူညီပေးခြင်းသာဖြစ်ကြောင်း ပြောကြားသည်။<br>မခိုင် (လွိုင်ကော်) |
| ၁၀ | ၂၃.၁၀.၁၅ | စံတော်ချိန်<br>အတွဲ(၃)<br>အမှတ် (၉၁၂)<br>Pg (24, 2) | ငြိမ်းချမ်းရေး | **ကေအိုင်အေတပ်စခန်းသို့ တပ်မတော်ဘက်မှ ရဟတ်ယာဉ်ဖြင့် နှစ်ကြိမ်ပုံးကြဲတိုက်ခိုက်ဟုဆို**<br>ရှမ်းပြည်နယ် (မြောက်ပိုင်း) လွယ်ခမ် တောင်ဘက်ရှိ ကေအိုင်အေတပ်မဟာ (၄)၊ တပ်ရင်း (၉) နယ် မြေဘက်သို့ တပ်မတော်ဘက်မှ အောက်တိုဘာ ၂၁ ရက် နေ့ ညနေပိုင်းက ရဟတ်ယာဉ်ဖြင့် ပုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း ကေအိုင်အို နည်းပညာအထောက်အကူပြုအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဦးဒေါင်ခါးက ပြောသည်။ တပ်မတော်နှင့် ကေအိုင်အေတို့ နံနက်ပိုင်းမှစတင်တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရဟတ်ယာဉ်ဖြင့် ပုံးကြဲမှုအပြီး တိုက်ပွဲများပြန်လည်ငြိမ်သက်သွားကြောင်း၊ တိုက်ပွဲအတွင်း တပ်မတော်ဘက်မှ ပိတ်ဆို့တိုက်ခိုက်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုများပြားခဲ့ကြောင်းနှင့် ယခုလပိုင်းအတွင်း တိုက်ပွဲဖြစ်ပွားမှုကြောင့် ရှေ့တန်းစခန်းအချို့ကိုလည်း ဆုတ်ခွာပေးခဲ့ရကြောင်း ဦးဒေါင်ခါးကပြော |

| | | | | |
|---|---|---|---|---|
| | | | | သည်။ သမ္မတက NCA လက်မှတ်ရေးထိုးပွဲတွင် အနာဂတ်အတွက် အရေးကြီးသည့်သမိုင်းဖြစ်သည်ဟု ဆိုပြီး ဦးအောင်မင်းက NCA သည် တစ်တိုင်းတစ်ပြည်လုံး လွှမ်းခြုံနေသည်ဟု ပြောဆိုခဲ့သော်လည်းလက်ရှိအနေအထားနှင့် ဆန့်ကျင်ဖြစ်နေကြောင်း ဦးဒေါင်ခါးက ဝေဖန်ပြောဆိုသည်။ |
| ၁၁ | ၂၃.၁၀.၁၅ | The Voice Daily Vol (3) No (170) p (2) | ငြိမ်းချမ်းရေး | **နိုင်ငံလုံးချီ အပစ်ရပ်လက်မှတ် မရေးထိုးသေးသော လက်နက်ကိုင်တပ်ဖွဲ့များနှင့် လက်မှတ်ထိုးထားသော အဖွဲ့များ သီးသန့်တွေ့ဆုံမည်**<br>NCA ကို လက်မှတ်ရေးထိုးထားသည့် လက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ် ရပ်စဲထားခြင်းမရှိသော တိုင်းရင်းသားလက်နက်ကိုင်များ သီးသန့်တွေ့ဆုံမည်ဖြစ်ကြောင်း KNU အထွေထွေအတွင်းရေးမှူး ဖဒိုစောကွယ်ထူးဝင်းကပြောသည်။ KNU နှင့် လက်မှတ်ရေးထိုးခြင်းမရှိသည့် အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို နိုင်ငံလုံးချီ အပစ်ရပ်လက်မှတ်ရေးထိုးရခြင်းအကြောင်းနှင့် လက်ရှိအခြေအနေကိုရှင်းပြရန် တွေ့ဆုံခြင်းဖြစ်သည်။ ယင်းတွေ့ဆုံမှုကို နိုဝင်ဘာ ၁၆ ရက်တွင် နေပြည်တော်တွင် ဒုတိယအကြိမ်ပြုလုပ်မည့် NCA အကောင်အထည်ဖော်ရေးဆိုင်ရာ JICM ပွဲမတိုင်မီ ပြုလုပ်သွားရန် စီစဉ်ထားကြောင်း NCA စာချုပ် လက်မှတ်ရေးထိုးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ဆိုသည်။ KNPP, KIO, SSPP, NMSP, MNDAA, TNLA, AA တို့က အပစ်ရပ်စာချုပ်တွင် လက်မှတ်ရေးထိုးထားခြင်းမရှိကြောင်း သိရသည်။<br>ရန်ကုန် |
| ၁၂ | ၂၃.၁၀.၁၅ | Daily Eleven Pg (2 ) | USDP | **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက တစ်နိုင်ငံလုံးတွင် သုံးပုံနှစ်ပုံ အနိုင်ရရှိရန် မျှော်မှန်းထားကြောင်း ပါတီဒုတိယဥက္ကဋ္ဌ သူရဦးအေးမြင့်ပြော**<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ပြည် ခိုင်ဖြိုး) အနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေး ကောက်ပွဲတွင် တစ်နိုင်ငံလုံး၌ သုံးပုံနှစ်ပုံ အနိုင်ရရန်မျှော်မှန်းထားကြောင်း ပါတီဒုတိယဥက္ကဋ္ဌ သူရဦးအေးမြင့်က အောက်တိုဘာ ၂၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ပြည်ခိုင်ဖြိုးပါတီလူထုတွေ့ဆုံပွဲအပြီး မဇ္ဈိမသတင်းဌာန၏ မေးမြန်းမှုကို ဖြေကြားခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် လေးပုံသုံးပုံ အနိုင်ရရှိရန် မျှော်မှန်းထားပြီး တိုင်းရင်းသားဒေသများတွင်လည်း အထိုက်အလျောက် အနိုင်ရရှိရန် မျှော်မှန်းထားကြောင်း ၎င်းကပြောသည်။ လက်ရှိအချိန်အထိ ပါတီ၏မဲဆွယ်စည်းရုံးရာတွင် ပြည်သူလူထု၏ ထောက်ခံမှု အပြည့်အဝရရှိကြောင်း၊ ပြည်ခိုင်ဖြိုးပါတီအနေဖြင့် အင်နှင့်အားနှင့် ဆောင်ရွက်နေသည့် ပါတီဖြစ်ကြောင်းနှင့် ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရန် |

| | | | | |
|---|---|---|---|---|
| | | | | အတွက် ပြည်ခိုင်ဖြိုးပါတီအနေဖြင့် လုံးဝအာမခံပါကြောင်း သူရဦးအေးမြင့်က ပြောသည်။ |
| ၁၃ | ၂၃.၁၀.၁၅ | Daily Eleven Pg (26) | USDP | **သမ္မတရုံးဝန်ကြီး ဦးသိန်းညွန့် ဝင်ရောက်ယှဉ်ပြိုင်မည့် မအူပင်မြို့တွင် ကျေးရွာဖွံ့ဖြိုးရေးနှင့် ထောက်ကူပြုကော်မတီ ဥက္ကဋ္ဌ NLD အောင်နိုင်ရေးဥက္ကဋ္ဌအား ရိုက်နှက်မှုဖြစ်ပွား**<br>လာမည့်ရွေးကောက်ပွဲ၌ သမ္မတရုံးဝန်ကြီး ဦးသိန်းညွန့် ဝင်ရောက်ယှဉ်ပြိုင်မည့် အူပင်မြို့နယ်၌ အောက်တိုဘာ ၂၁ ရက်နေ့ ညနေပိုင်းက ကျေးရွာဖွံ့ဖြိုးနှင့် ထောက်ကူပြုကော်မတီ ဥက္ကဋ္ဌ တစ်ဦးမှ NLD ပါတီ အောင်နိုင်ရေးဥက္ကဋ္ဌတစ်ဦးအား ရိုက်နှက်မှု တစ်ခုဖြစ်ပွားခဲ့သည်။ မအူပင်မြို့နယ် ရေလဲကလေးကျေးရွာ၏ အောင်နိုင်ရေး ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာသန့်ဇင်လတ်သည် ကျေးရွာလမ်းမီးပြင်ဆင်နိုင်ရန် သွားရောက်ကြည့်ရှုပြီး ပြန်လာစဉ် ပြည်ခိုင်ဖြိုးပါတီဝင် ကျေးရွာဖွံ့ဖြိုးရေးနှင့် အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးစိန်လှိုင်မှ နေအိမ်မှ ထွက်လာ၍ **' မင်းလားကွ NLD'** ဟု ဆိုကာ ရန်ငြိုးတစ်စုံတစ်ရာမရှိဘဲ ရိုက်နှက်ခဲ့ကြောင်း၊ ဒေါက်တာသန့်ဇင်လတ်မှာ ဘယ်လက်ညိုးနှင့် လက်ခလယ်တွင် ပေါက်ပြဲဒဏ်ရာ၊ ညာလက်ပြင်တွင် ဖူးယောင်ဒဏ်ရာများ ရရှိခဲ့သည်။ အမှုဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါက်တာသန့်ဇင်လတ်၏ တိုင်ကြားမှုအရ ရွှေတောင်မော်ရဲစခန်းက ပုဒ်မ ၃၂၅ ဖြင့် အမှုဖွင့်စစ်ဆေးနေသည်ဟု သိရသည်။ |
| ၁၄ | ၂၃.၁၀.၁၅ | The Messenger Pg (19) | USDP | **ပြည်ခိုင်ဖြိုး မဲဆွယ်ဆိုင်းဘုတ်များ ဖျက်ဆီးခံရ**<br>ကန့်ဘလူမြို့နယ်၊ သပြေသာကျေးရွာတွင် ပြည်ခိုင်ဖြိုးပါတီ မဲဆွယ်ဆိုင်းဘုတ်နှင့် ရပ်/ ကျေး ဆိုင်းဘုတ်တို့ ဖျက်ဆီးခံခဲ့ရသဖြင့် အောက်တိုဘာ (၂၀) ရက်က အမှုဖွင့်တိုင်ကြားထားသည်ဟု တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ ကန့်ဘလူမြို့နယ်၊ သပြေသာကျေးရွာတွင်နေထိုင်သည့် ဦးရဲနိုင်၏နေအိမ်ဝင်းအတွင်း စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီဝင် ကိုယ်စားလှယ်လောင်းပုံပါ ဆိုင်းဘုတ် ဖျက်ဆီးခံခဲ့ရသဖြင့် စုံစမ်းဖော်ထုတ်ပေးရန် သက်ဆိုင်ရာသို့ တိုင်ကြားခဲ့ခြင်းဖြစ်သည်ဟုသိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကန့်ဘလူမြို့နယ်တရားရုံးမှ ရာဇဝတ်ကြီးအမှုအမှတ် (၇၁၄/၂၀၁၅) ဖြင့် လက်ခံဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ |
| ၁၅ | ၂၃.၁၀.၁၅ | 7 Day Daily No (895) p (5) | ပါတီ | **ဓနုဖြူ မြို့နယ်တွင် ဒီချုပ် ကိုယ်စားလှယ်လောင်းများ ဒေသခံလူထုနှင့် မိတ်ဆက်**<br>ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ဝင်ပြိုင်မည့် ဒီချုပ်ကိုယ်စားလှယ်လောင်းများ ဒေသခံလူထုနှင့် မိတ်ဆက်ပွဲကို အောက်တိုဘာ ၂၂ ရက်တွင် ပထမဆုံးအကြိမ် ပြုလုပ်ခဲ့ကြောင်း သိရသည်။ ဓနုဖြူမြို့နယ်တွင် ဝင်ပြိုင်မည့် ဒီချုပ်ပါတီကိုယ်စားလှယ်လောင်း ငါးဦးရှိပြီး ပါတီအောင်နိုင်ရေးအဖွဲ့နှင့် အတူ ဒေသခံ |

| | | | | |
|---|---|---|---|---|
| | | | | လူထုအား လိုက်လံမိတ်ဆက်ခြင်းဖြစ်သည်ဟု ရောဝတီတိုင်းဒေသကြီး လွှတ်တော်အမှတ် (၂) မဲဆန္ဒနယ်တွင် ယှဉ်ပြိုင်မည့် နေဖြူမြို့နယ် ဒီချုပ်ပါတီဥက္ကဋ္ဌ ဦးစန်းထွေးက ပြောသည်။ ရောဝတီတိုင်းဒေသကြီးလွှတ်တော် အမှတ် (၁) မဲဆန္ဒနယ်တွင် ဒီချုပ်ပါတီကိုယ်စားပြု ယှဉ်ပြိုင်မည့် ဦးအောင်နိုင်ထွန်းက ဒေသခံလူထုကို မိတ်ဆက်တွေ့ဆုံခြင်းအပြင် မဲပေးနည်းသင်တန်းပါ လက်တွေ့လုပ်ဆောင်နေသည်ဟုပြောသည်။<br>အောင်သစ်လွင် |
| ၁၆ | ၂၃.၁၀.၁၅ | 7 Day Daily No (895) p (2) | ပါတီ | **ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီနှင့် ပြည်ခိုင်ဖြိုးပါတီတို့သည် မဟာမိတ်ပါတီများဖြစ်ကြောင်း ပအိုဝ်းအမတ်လောင်းပြော**<br>ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ PNO နှင့် ပြည်ခိုင်ဖြိုးပါတီတို့သည် မဟာမိတ်ပါတီများဖြစ်ကြောင်း PNO မှယှဉ်ပြိုင်ရွေးချယ်ခံမည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် လောင်း ဦးခွန်ဝင်းကိုက အောက်တိုဘာ ၂၂ ရက်က တောင်ကြီးမြို့ ကံကြီးရပ်ကွက်ရှိ ပအိုဝ်းအမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကွင်းခန်းမတွင် ကျင်းပသည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ PNO မှ ၂၀၁၅ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအချို့နှင့် တွေ့ဆုံရာတွင်ပြောသည်။ PNO က အမတ်လောင်း ၁၁ ဦး ဝင်ရောက် ယှဉ်ပြိုင်ထားသည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့သုံးမြို့ဖြစ်သည့် ဟိုပုံး၊ ပင်လောင်းနှင့် ဆီဆိုင်မြို့များတွင် ပြည်ခိုင်ဖြိုးပါတီက ယှဉ်ပြိုင်ခြင်းမရှိသော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယှဉ်ပြိုင်မည်ဖြစ်သည်။<br>ဝွန်ချစ်ငြိမ်း |
| ၁၇ | ၂၃.၁၀.၁၅ | 7 Day Daily No (895) p (5) | Other | **ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများရွေးကောက်ပွဲအပြီး ပြန်လည်စတင်နိုင်မည်**<br>ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်သော စီမံကိန်းများကို ရွေးကောက်ပွဲအပြီး သုံးလအတွင်းမှသာ ပြန်လည်စတင်နိုင်မည်ဟု ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဒုတိယဝန်ကြီး ဦးဟံစိန်က ပြောသည်။ ထိုင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌ ဆင်စီရီက အဆိုပါကားလမ်းအဆင့်မြှင့်တင်မှုနှင့် ပတ်သက်ပြီး ရွေးကောက်ပွဲအပြီးတွင် တည်ဆောက်သွားရန် မျှော်လင့်ထားသည်ဟု ဘန်ကောက်ပို့စ် သတင်းစာအား ဖြေကြားထားသည်။ စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး ပထမအဆင့် စီမံကိန်းတွင် ရေနံဓာတုပစ္စည်း လုပ်ငန်းများ၊ ကြီးမားသော ကုန်ထုတ်လုပ်ငန်းများ ပါဝင်မည်ဖြစ်သည်။<br>အိဖြူမွန် |

| | | | | |
|---|---|---|---|---|
| ၁၈ | ၂၃.၁၀.၁၅ | Daily Eleven<br>Pg (16, 17) | Other | **အမျိုးဘာသာသာသနာကို တန်ဖိုးထား ကာကွယ်စောင့်ရှောက်သည့် သမ္မတဦးဆောင်သော အစိုးရအနေဖြင့် ပြင် ဦးလွင်မြို့တွင် တရားစွဲဆိုခံထားရသော ရေပူဆရာတော်အား ခြွင်းချက်မရှိပြန်လွှတ်ပေးရန် ဒဋ္ဌိမိတ္တရဟန်းတော်များ သဘောထားကြေညာချက်ထုတ်ပြန်**<br>အမျိုးဘာသာ သာသနာကို တန်းဖိုးထား ကာကွယ်စောင့်ရှောက်သော သမ္မတဦးဆောင်သည့် အစိုးရအနေဖြင့် ပြင်ဦးလွင်ခရိုင် တရားရုံးနှင့် မြို့နယ်တရားရုံးတို့တွင် တရားစွဲဆိုခံထားရသော မိုးကုတ်မြို့ ရေပူကျောင်းတိုက်ဆရာတော်အား ခြွင်းချက်မရှိပြန်လွှတ်ပေးရန် မြန်မာပြည်အရပ်ရပ်ရှိ အသင်းသားဘ၁၀ အတူနေခဲ့ဖူးသော ဒဋ္ဌိမိတ္တရဟန်းတော်များက တိုက်တွန်းကြောင်း အောက်တိုဘာ ၂၂ ရက်နေ့က ကြေညာချက်ထုတ်ပြန်လိုက်သည်။ ထုတ်ပြန်ချက်၌ ကနဦး ဖမ်းဆီးချုပ်နှောင်စဉ်ကတည်းက မတရား (အဓမ္မ) အကွက်ဆင်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ဆုံးဖြတ်ကြောင်း၊ (၂၁) ကြိမ်မြောက် ရုံးချိန်းများအထိ လိုပြသက်သေများ၏ ထွက်ဆိုချက်များမှာ စွဲဆိုထားသည့် အမှု (ပုဒ်မ) များ မမြောက်ဟု ထင်မြင်သုံးသပ်မိကြောင်း၊ အဆိုပါနှစ်ချက်ကို ထောက်ရှု၍ အမျိုးဘာသာသာသနာကို တန်ဖိုးထားကာကွယ်စောင့်ရှောက်သော အစိုးရအနေဖြင့် အမြန်ဆုံးပြန်လွှတ်ပေးရန် မေတ္တာရပ်ခံကြောင်း ဖော်ပြထားသည်။ အမှုအတွက် ရုံးချိန်းဖြစ်သော အောက်တိုဘာ ၂၂ ရက်နေ့က တရားရုံးက ဆင့်ခေါ်ထားသာ တရားလိုပြသက်သေဖြစ်သည့် မိုးကုတ်မြို့ ကျောက်မျက်တူးဖော်ရေးဌာနမှ ညွှန်မှူး ဦးမောင်မောင်ရှိမ်းမှာ မိုးကုတ်သို့ သမ္မတရောက်ရှိနေသောကြောင့် လာရောက်ခြင်းမရှိသဖြင့် အောက်တိုဘာ ၂၉ ရက်သို့ ထပ်မံချိန်းဆိုခဲ့သည်။<br>စည်သာ (တောင်ကြီး) |